KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

## ခတ်ပုံသတင်း

ဒီဇင်ဘာလ ၃ ရက်၊ ၂၀၂၅ / KHRG စာအမှတ် 25-2-PS1

---

# ခတ်ပုံသတင်း - SAC မှ အရပ်သားနေရပ်ဒေသများသို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သောကြောင့် ဒဏ်ရာရသေဆုံးခြင်းများ၊ ပျက်စီးခြင်းများ နှင့် နေရပ်ထွက်ပြေးတိမ်းရှောင်နေရခြင်း (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ)

---

*ဤသတင်းခတ်ပုံတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများနှင့် လယ်ယာစိုက်ပျိုးရေးနေရာများအပါအဝင် အရပ်သားနေရပ်ဒေသများသို့ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သည့် ခတ်ပုံသက်သေအထောက်အထားများကို ဖော်ပြထားပါသည်။ အစီရင်ခံစာကာလအတွင်း SAC ၏ တိုက်ရိုက်နှင့် ခွဲခြမ်းစိတ်ဖြာမှုမရှိ ရွာသားများ၏ နေရပ်ဒေသများအား ဒရုန်းနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုများသည် ရွာသားများ၏ဘဝများအပေါ် သက်ရောက်မှုများရှိကြောင်း စသည့်အချက်အလက်များစွာကို KHRG မှ လက်ခံရရှိခဲ့ပါသည်။ ဤအကြောင်းအရာသည် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းသည့်အချိန်မှစ၍ အကြီးမားဆုံးအစီရင်ခံတင်ပြထားသော ပြဿနာများထဲမှ တစ်ခုဖြစ်ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုများသည် ရွာသားများအား ဒဏ်ရာရ သေဆုံးစေခြင်း၊ ၎င်းတို့၏နေအိမ်များ၊ လူမှုအသိုက်အဝန်းရှိအဆောက်အဦးများ နှင့် စိုက်ပျိုးပင်များအား ပျက်စီးစေခြင်းနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရခြင်းများကို ဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့သော တိုက်ခိုက်မှုများကြောင့် ကြောက်ရွံ့မှုအမြဲတစေဖြစ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးရရှိရန် အကြပ်အတည်းဖြစ်စေခြင်းနှင့် အရပ်သားများ၏နေရပ်ဒေသများတွင် မပေါက်ကွဲသေးသောလက်နက်များ၏ အန္တရာယ်များလည်း မြင့်တက်လာခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသားများသည် အသက်မွေးဝမ်းကြောင်းပြုရန်အတွက် ၎င်းတို့၏ လက်ယာနှင့် စိုက်ပျိုးရေးနေရာများတွင် အလုပ်လုပ်ကိုင်၍မရကြတော့ပဲ တောထဲနှင့် ဂူများတွင်သာ ခိုလှုံမှုရှာခဲ့ကြရပါသည်။*

---

# ဓာတ်ပုံသတင်း - လေကြောင်းတိုက်ခိုက်မှုဖြစ်ရပ်များမှ ဖြစ်ပေါ်လာသော သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း ပျက်စီးခြင်း နှင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရခြင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်ရှိခရိုင်ခုနှစ်ခုဖြစ်သော ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်)၊ မူတြော် (ဖာပွန်) ခရိုင်၊ ဒူးပလာယာခရိုင် နှင့် ဖားအံ (ဘားအံ) ခရိုင်တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးမှုများ၏ (၁၁၄၂) ကျော်ဓာတ်ပုံများကို KHRG မှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ရပ် (၂၂၇) ခုမှ ရွာသားများ အနည်းဆုံး (၁၆၈) ဦးသေဆုံးသွားခဲ့ပြီး အခြားရွာသား (၂၄၉) ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ အဆိုပါ ဖြစ်ရပ် (၉၃) ခုသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဇွန်လအတွင်းတွင်သာ ဖြစ်ပျက်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် SAC  စစ်သားများသည် ၎င်းတို့၏စခန်းဝန်းကျင်၌ရှိသော နေရပ်ဒေသများ၊ တိုက်ပွဲဖြစ်ပွားမှုမရှိသည့်နေရပ်ဒေသများနှင့် ၎င်းတို့ထိန်းချုပ်မှုအပြင်ဖက်ရှိနေရပ်ဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပါသည်။ အကာအကွယ်ပေးထားခြင်းခံရသည့် အဆောက်အဦးများဖြစ်သော ဆေးခန်းများ၊ ဘုရားရှိခိုးကျောင်းများ၊ စာသင်ကျောင်းများ၊ ရွာသားများ၏နေအိမ်များ၊ လယ်ယာနှင့် စိုက်ခင်းများတို့တွင် လေကြောင်းတိုက်ခိုက်မှုများစွာကို ပြုလုပ်ခဲ့ပါသည်။ ဤဓာတ်ပုံသတင်းတွင် ဤကဲ့သို့သော ဓာတ်ပုံ (၆၁) ပုံပါဝင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ပြီးနောက် ဒေသခံရွာသားများကြုံတွေနေရသော ချက်ချင်းနှင့် ရေရှည်သက်ရောက်မှုများကို သက်သေအထောက်အထားအဖြစ် ဖော်ပြထားပါသည်။ ရွေးချယ်ထားသော ဓာတ်ပုံများထဲမှ (၄၂) ပုံကို ၎င်းတို့နေရပ်ဒေသရှိ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်ရန် KHRG မှ လေ့ကျင့်ပေးထားသော ဒေသခံလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များမှ ရိုက်ယူခဲ့ပြီး၊ ကျန် (၁၉) ပုံကို ဒေသခံကျေးရွာသားများမှ ရိုက်ယူခဲ့ပါသည်။

## ဒူးသထူ (သထုံ) ခရိုင်



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးသထူခရိုင်၊ ဖားအံမြို့နယ်၊ ဟာတရိုက် (လက်) ကျေးရွာအုပ်စု၊ အအ--- ကျေးရွာအပြင်ဘက်၌ ရိုက်ယူခဲ့ပါသည်။ ဤပုံတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ညနေ (၄း၁၀) အချိန်တွင် နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ အအ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးသည့်နောက် အအ--- ကျေးရွာ၌ရှိကြသော ကလေးသူငယ်များအပါအဝင် ရွာသားများသည် အနီးအနားတွင်ရှိသောတောထဲသို့ ထွက်ပြေးတိမ်း ရှောင်ခဲ့ကြသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*







အထက်တွင်ဖော်ပြထားသည့် ဓာတ်ပုံနှစ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ၌ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါ်ဖိုးပလွဲကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်(အပေါ်တန်း) တွင်ရှိသော ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ည ၁၀ နာရီကျော်တွင် SAC ၏လေယာဉ်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ပျက်စီးခဲ့သော ကျောင်းစာသင်ခန်း၏ပုံကို ဖော်ပြထားပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အဘ--- ကျေးရွာရှိ ကျောင်းအဆောက်အဦး လေးလုံးနှင့် ကျောင်းသုံးပစ္စည်းများအားလုံး ပျက်စီးသွားခဲ့ပါသည်။ ထိုကျေးရွာ၏ စာသင်ကျောင်းသည် ယခင်က ဗမာအစိုးရအုပ်ချုပ်မှု အောက်တွင် ရှိခဲ့သော်လည်း တိုက်ခိုက်မှုမတိုင်မီ နှစ်နှစ်ခန့်ဝန်းကျင်ခန့်တွင် ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (KECD) သို့ လွှဲပြောင်းခဲ့ပါသည်။ ညာဘက် (အပေါ်တန်း) တွင်ရှိသော ဓာတ်ပုံတွင် ရွာသားများပိုင်ဆိုင်သော နေအိမ်နှစ်လုံးသည် လေကြောင်းတိုက်ခိုက်ခံရသောကြောင့် ပျက်စီးသွားခဲ့ကြောင်း ဖော်ပြထားသည်။ ဘယ်ဘက် (အောက်တန်း) ရှိ ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ တွင် အဘ--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ တိုက်ခိုက်မှုအတွင်း SAC လေယာဉ်မှ ကျေးရွာအပြင်ဘက်တွင် ကြဲချခဲ့သည့် မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဖားအံမြို့နယ်၊ မဲသနာကျေးရွာအုပ်စု၊ အဆ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံတို့သည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့၊ ညနေဘက်အချိန်တွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိမှန်ဒဏ်ရာရရှိသွားခဲ့ကြသည့် အသက် (၈၅) နှစ်ရှိ အဖွားတစ်ဦးနှင့် သူမ၏ အသက် (၁၂) ရှိ မြေးမလေးတို့၏ပုံဖြစ်ပါသည်။ ၎င်းတို့သည် SAC ၏လေယာဉ်မှ ကင်းထောက်လှမ်းမှုပြုလုပ်နေသည်ကို ကြားပြီးနောက် သစ်ပင်အချို့အောက်သို့ ဝင်ရောက်ပုန်းအောင်းနေစဉ် ဗုံးအသေးစားနှစ်လုံးသည် အဆ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းအားထိမှန်ခဲ့ပြီး၎င်းတို့ဒဏ်ရာရရှိခဲ့ကြပါသည်။ မြေးမလေးဖြစ်သူသည် သူမ၏လက်မောင်းတွင် ဒဏ်ရာရရှိခဲ့ပြီး အဖွားဖြစ်သူသည် သူမ ၏ခြေထောက်တွင်ဒဏ်ရာရရှိခဲ့ကာ ခြေချောင်းသုံးချောင်းပြတ်ထွက်သွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မေလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ခေါ်ဖိုးပလဲ့ကျေးရွာအုပ်၊ အဒ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ညဘက်တွင် ပြုလုပ်ခဲ့သည် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော စာသင်ကျောင်းတစ်လုံး (ဘယ်ဘက်ဓာတ်ပုံ) နှင့် လူထုခန်းမ (ညာဘက်ဓာတ်ပုံ) တို့ဖြစ်ပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် အခြားစာသင်ကျောင်းတစ်လုံး နှင့် နေအိမ် (၂၁) လုံး ပျက်စီးသွားခဲ့ပါသည်။ ပေါက်ကွဲသွားသည် ဗုံးအပိုင်းအစများကြောင့် အသက် (၁၄) ရှိ မိန်းကလေးတစ်ဦး ဒဏ်ရာရရှိသွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုမတိုင်မီ ကျေးရွာအနီးအနားတွင် မည်သည့်တိုက်ပွဲမှ မရှိခဲ့ပါ။ လေကြောင်းတိုက်ခိုက်မှုမတိုင်မီ အချိန်အနည်းငယ်အတွင်း SAC အနီးအနားရှိကျေးရွာများသို့ ခွဲခြမ်းစိတ်ဖြာမှုမရှိ လက်နက်ကြီးများပစ်ခတ်ခဲ့သောကြောင့် အဒ--- ကျေးရွာရှိ ရွာသားများသည် ကြိုတင်ထွက်ပြေးတိမ်းရှောင်နှင့်နေခဲ့ကြပါသည်။ *(ဓာတ်ပုံ - KHRG)*

## တောအူး (တောင်ငူ) ခရိုင်




ဘယ်ဘက်တွင်ရှိသော ဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မနက် ၉ နာရီအချိန်၌ တောအူးခရိုင်၊ ထောတထူ (ထန်းတပင်)မြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ အဃ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် SAC မှ ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးဖြစ်သူ အ--- ပိုင်ဆိုင်သောနေအိမ်၏ အတွင်းပိုင်း ပျက်စီးသွားသောပုံ ဖြစ်ပါသည်။
*(ဓာတ်ပုံ - KHRG)*






ဤပုံတို့ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ဟာသဲ့ဖိုးလီဒေသ၊ အန--- ကျေးရွာရှိ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၊ ညနေ (၁၀း၃၀) အချိန်တွင် SAC ၏ တိုက်လေယာဉ်သုံးစီးမှ အန--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် နေအိမ် (၁၄) လုံး၊ ဘုရားရှိခိုးကျောင်းတစ်လုံးနှင့် ကျောင်းအဆောက်အဦးများ ပျက်စီးသွားခဲ့ပါသည်။ ညာဘက်တွင်ရှိသောပုံသည် ရွာသားတစ်ဦးပိုင်ဆိုင်သည့်နေအိမ်တစ်လုံး ပျက်စီးသွားသောပုံဖြစ်ပြီး ဘယ်ဘက်တွင်ရှိသောပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောဘုရာရှိခိုးကျောင်းတစ်လုံး၏ ပုံဖြစ်ပါသည်။ လေကြောင်းတိုက်ခိုက်မှုမပြုလုပ်မီ ဒေါ်ဖားခိုမြို့တွင်ရှိသော ဘုရင့်နောင်စစ်တပ်စခန်းမှ SAC စစ်သားများ၊ လိပ်သိုမြို့တွင်အခြေစိုက်သော ခြေမြန်တပ်ရင်း (ခမရ) အမှတ် (ဖ၀၃) မှ SAC စစ်သားများနှင့် တပ်ရင်းမှူးဟန်လင်းအောင်ဦးဆောင်သော ရွှေနန်းကလေးကွပ်ကဲရေးစစ်တပ်စခန်းမှ SAC စစ်သားများသည် ကျေးရွာထဲသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သဖြင့် ရွာသားတစ်ဦးထိမှန်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့နောက်၊ SAC ၏တိုက်လေယာဉ်သုံးစီးမှ အန--- ကျေးရွာသို့လေကြောင်းဖြင့်ကင်းထောက်လှမ်းမှုပြုလုပ်ခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တပ်သားများနေထိုင်သည့် ရွာအပြင်ဘက်ရှိအဆောက်အဦးတစ်လုံးလည်း ပျက်စီးသွားခဲ့ပါသည်။
*(ဓာတ်ပုံ - ဒေသခံရွာသား)*








ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ အထက်ဖော်ပြပါ ပုံနှစ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေ ၂ နာရီဝန်းကျင်ခန့်တွင် SAC မှ လေကြောင်းတိုက်ခိုက်မှုနှင့် ရဟတ်ယာဥ်ဖြင့်တိုက်ခိုက်မှုအား တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပိတောက်ကုန်းကျေးရွာအုပ်စု၊ အဂ---ကျေးရွာ၌ ပြုလုပ်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ကြသော ကလေးနှစ်ဦး၏ပုံများဖြစ်ပါသည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင်အဆိုပါကလေးနှစ်ဦး၏ အရွယ်ရောက်သည့် မိသားစုဝင်များ ဒဏ်ရာရရှိခဲ့ကြပြီး အခြားမိသားစုဝင်တစ်ဦး သေဆုံးသွားခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆိုပါမိသားစု၏အိမ်ပုံဖြစ်ပါသည်။ အဆိုပါတိုက်ခိုက်မှုတွင် မိသားစု၏ အိမ်မွေးတိရစ္ဆာန်အချို့သေဆုံးသွားခဲ့ပြီး ရေပုံးတစ်လုံး ပျက်စီးသွားခဲ့ပါသည်။ ညနေ (၂း၁၅) မိနစ်အချိန်တွင် SAC မှ အဂ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့ပြီး နောက်ထပ်ရွာသားသုံးဦး သေဆုံးသွားခဲ့ပြီး အခြားရွာသားငါးဦးဒဏ်ရာရရှိသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ပထမသုံး လပတ်ကာလမှစ၍ ကျေးရွာအတွင်း သို့မဟုတ် အနီးအနား၌ တိုက်ပွဲများ သို့မဟုတ် စစ်တပ်၏ လှုပ်ရှားမှုများ မရှိခဲ့ပါ။ *(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလ၌ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပိတောက်ကုန်းကျေးရွာအုပ်စု၊ အဇ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၊ မနက် (၁၀း၄၀) အချိန်တွင် SAC မှ လေကြောင်းတိုက်ခိုက်မှုအား အဇ--- ကျေးရွာသို့ ပြုလုပ်ခဲ့သဖြင့် လုံးဝပျက်စီးသွားခဲ့သော နေအိမ်နှစ်လုံး၏ပုံဖြစ်ပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် နွားတင်းကုတ်တစ်လုံးလည်း ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မေလတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ အရှေ့တောင်ဘက်ခြမ်းကလေးဝါ့မူနူဒေသ၊ အဟ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ SAC နှင့် KNLA ပူးပေါင်းတပ်ဖွဲ့တို့ကြား အဟ--- ကျေးရွာတွင်တိုက်ပွဲဖြစ်ပွားသည့်နောက် ၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် SAC မှ အဟ--- ကျေးရွာသို့လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ကလေးနှစ်ဦးအပါအဝင် ရွာသားငါးဦးသေဆုံးသွားခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး နေအိမ်တစ်လုံးနှင့် ဘုရားရှိခိုးကျောင်းတစ်လုံး ပျက်စီးသွားခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်၏ပျက်စီးသွားသည့် ခေါင်မိုးပုံဖြစ်ပြီး ညာဘက်တွင်ဖော်ပြထားသောပုံသည် ပျက်စီးသွားသည့်ဘုရားရှိခိုးကျောင်းနံရံ၏ပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စု၊ အည--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံတို့တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် SAC မှ Mi -35 တိုက်လေယာဥ်အသုံးပြု၍ အဟ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသည့် တံခါးတစ်ခုနှင့် ဆေးရုံရှိအခန်းတစ်ခန်း၏ပုံများဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

## ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်




ဘယ်ဘက်တွင်ရှိသော ဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရိုက်ယူခဲ့ပြီး ညာဘက်တွင်ရှိသောဓာတ်ပုံကို KHRG မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ ဓာတ်ပုံနှစ်ပုံစလုံးသည် ခလယ်လွီထူခရိုင်၊ ဖြူးမြို့နယ် အထူးဒေသ၊ ခေးကြီးကျေးရွာအုပ်စု၊ အသ--- ကျေးရွာမှ ရိုက်ယူခဲ့ခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံတို့တွင် ဖော်ပြထားသည့် နေအိမ်နှစ်လုံးသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် SAC ၏ ဒရုန်းတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းခဲ့သည့်ပုံများဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG ၊ ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် ခလယ်လွိဳထူခရိုင်၊ မူးမြို့နယ်၊ ကွီးဒူးခေါ်ကျေးရွာအုပ်စု၊ အမ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ပုံတွင် ၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည့် အမ--- ကျေးရွာရှိ ရွာသားတစ်ဦး၏နေအိမ်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*








ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့၌ ခလယ်လွီထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စု၊ အက--- နှင့် အဇ--- ကျေးရွာတို့တွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် SAC ၏လေယာဥ်နှင့် ရဟတ်ယာဥ်တစ်စီးမှ အက--- နှင့် အဇ--- ကျေးရွာတို့တွင် ဗုံး (၈) လုံးကြဲချခဲ့သဖြင့် ကလေးများအပါအဝင် ရွာသား (၇) ဦးဒဏ်ရာရရှိသွားခဲ့ပြီး အခြားရွာသား (၂) ဦး သေဆုံးသွားခဲ့ပါသည်။ အထက်ဖော်ပြပါ ဓာတ်ပုံနှစ်ပုံသည် ဗုံးတစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည် ရွာသား (၂) ဦး၏ပုံဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသောဓာတ်ပုံသည် တိုက်ခိုက်မှုအတွင်း မီးလောင်ကျွမ်းသွားခဲ့သော နေအိမ်တစ်လုံး၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

## မြိုတ်-ထားဝယ် (မကွေး-ထားဝယ်) ခရိုင်




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံတွင် ထိုနေ့မနက်ပိုင်း SAC ၏ K-8 W နှင့် Mi-2 တိုက်လေယာဉ်များမှ အ၀--- ကျေးရွာသို့ လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးသည့်နောက် မြိုတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါကလိုးဒေသ၊ အ၀--- ကျေးရွာမှ ရွာသားများ တံတားအောက်သို့ ထွက်ပြေးတိမ်းရှောင်နေသောပုံကို ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့ မနက် ၁၀ နှင့် ၁၁ နာရီကြားတွင် SAC မှ ကစယ် ဒိုနှင့် လယ်ဒိုစိုးမြို့နယ်ကြားရှိ ဝေတာအယ် (မေတ္တာ) မြို့နှင့် ဝေတာအယ်ဒေသတွင် တိုက်လေယာဉ်ဖြင့် ဗုံးအလုံး (၂၀) ကျော်ကြဲချခဲ့ပါသည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးသည့် ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် SAC လေယာဉ်မှ ထိုတစ်နေရာထဲတွင် လေကြောင်းဖြင့်ကင်းထောက်လှမ်းမှု ပြုလုပ်ခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာ (၁၂) ရွာမှရွာသားများနှင့် ဝေတာအယ်မြို့ရှိအရပ်သားများသည် ထားဝယ်မြို့နှင့် ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် လယ်ဒိုစိုးမြို့နယ်၊ ကမိုသွေးဒေသ၌ လေကြောင်းတိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် မြိုတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ အပ--- ကျေးရွာရှိ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောပုံသည် ၂၀၂၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် SAC မှ အပ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသော ကျောင်းတစ်လုံး၏ ပုံဖြစ်ပါသည်။ ညာဘက်တွင်ဖော်ပြထားသောပုံသည် အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည် ဆေးရုံတစ်လုံး၏ပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*




အထက်ပါဖော်ပြထားသည့် ဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ တနောသရီမြို့နယ်၊ အစ--- ကျေးရွာ၌ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသည့်ပုံသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင်SAC မှ အစ--- ကျေးရွာသို့ကြဲချခဲ့သည့် မပေါက်ကွဲသေးပဲကျန်ရှိနေသည့် ပေါင် ၅၀၀ ဗုံးတစ်လုံး၏ပုံဖြစ်ပါသည်။ ညာဘက်တွင်ဖော်ပြထားသည့်ပုံသည် ထိုနေ့တွင် SAC မှ လေယာဥ်ဖြင့် ပေါင် ၅၀၀ ဗုံးကြဲချလိုက်သောကြောင့် ပျက်စီးသွားခဲ့သောလူထုခန်းမတစ်လုံး၏ ပုံဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် SAC မှ စုစုပေါင်း မပေါက်ကွဲသေးသည့် ဗုံးတစ်လုံးပါဝင်သည့် ပေါင် ၅၀၀ ဗုံး (၄) လုံးအား အစ--- ကျေးရွာသို့ ကြဲချခဲ့ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*






ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကလဲမူထီဒေသ၊ အရ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံတို့တွင် ၂၀၂၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် SAC မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ပျက်စီးသွားသော ရွာသားတစ်ဦး၏နေအိမ်ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မြိတ်-ထားဝယ်ခရိုင်၊ တနေသာရီမြို့နယ်၊ တကက်ကျေးရွာအုပ်စု၊ အခ--- ကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောပုံသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် SAC ၏ K-8W တိုက်လေယာဉ်မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသားတစ်ဦးဖြစ်သူ ဦးဆ--- ပိုင်ဆိုင်သောနေအိမ်တစ်လုံး ပျက်စီးသွားခဲ့ပါသည်။ ညာဘက်တွင်ဖော်ပြထားသောပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသည့် အဆိုပါရွာသား၏စိုက်ခင်းပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

## မူတြော် (ဖာပွန်) ခရိုင်



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မူတြော် ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ အယ--- ကျေးရွာရှိ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် SAC ၏လေယာဉ်မှ အယ--- ကျေးရွာသို့ ဗုံးတစ်လုံးကြဲချခဲ့သဖြင့် ဘုန်းကြီးတစ်ဦးဖြစ်သော စောဂ--- ၏ဦးခေါင်းထိမှန် ဒဏ်ရာရရှိသွားခဲ့ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်မြို့၊ အစျ--- ရပ်ကွက်တွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် SAC ၏တိုက်လေယာဉ်မှ ဖာပွန်ဒေသသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် လုံးဝပျက်စီးသွားခဲ့သော ရွာသားများ၏ အိမ်အချို့ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် SAC ၏လေယာဉ်နှင့် ဒရုန်းတိုက်ခိုက်မှုကြောင့် ဘအ--- ရွာသားဖြစ်သော စောဟ--- ပိုင်ဆိုင်သည့် နေအိမ်တစ်လုံးပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ဒရုန်းဖြင့်တိုက်ခိုက်မှုတွင် ကျွဲတင်းကုတ်တစ်လုံးနှင့် မီးစက်တစ်လုံးပျက်စီးသွားခဲ့ပြီး ဝက်များနှင့် ဆိတ်များအပါအဝင် ရွာသားများ၏ အိမ်မွေးတိရိစ္ဆာန်များလည်း သေဆုံးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*



ဒေသခံရွာသာများမှ ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသို့မြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ ဘဘ--- ကျေးရွာရှိ ဆေးခန်းတစ်လုံးတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ မနက် ၆ နာရီဝန်းကျင်ခန့်တွင် SAC မှ ဘဘ--- ကျေးရွာသို့ လေကြောင်းတိုက် ခိုက်မှုပြုလုပ်ခဲ့သောကြောင့် အသက် (၃၇) နှစ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ပါသည်။ ဤပုံသည် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားခဲ့သည့် အသက် (၄) နှစ်ရှိသမီးဖြစ်သူ၏ ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ ညာဘက်တွင်ဖော်ပြထားသော ပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် SAC မှ တိုက်လေယာဥ်ဖြင့် လေကြောင်းတိုက်ခိုက်မှုအား မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်မြို့၊ အစျ--- ရပ်ကွက်တွင် ပြုလုပ်ခဲ့ပြီးနောက် သေဆုံးသွားသည် ရွာသား (၇) ဦးထဲမှ (၅) ဦး၏ရုပ်ကလာပ်များကို စီစဥ်ဆောင်ရွက်နေသောပုံဖြစ်ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောပုံသည် လေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် ဖာပွန်ဒေသရှိရွာသားများမှ ၎င်းတို့၏ဒေသအားစွန့်ခွါနေကြသော ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဘဆ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် SAC မှ ဘဆ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် ပျက်စီးသွားသည် ရွာသားများ၏ပိုင်ဆိုင်သော နေအိမ်များဖြစ်ပါသည်။ လေကြောင်းတိုက်ခိုက်မှုမတိုင်မီ KNLA စစ်သားများမှ ဘဆ--- ကျေးရွာ၏အနီးတွင် အခြေစိုက်သည့် SAC ခမရ အမှတ် (၃၄၀), အမှတ် (၃၄၁) နှင့် အမှတ် (၄၃၄) စစ်တပ်စခန်းများသို့ ဒရုန်းဖြင့်တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤပုံများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ ဘဒ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ မနက် (၁၀) နာရီအချိန်တွင် SAC မှ ဘဒ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ပျက်စီးသွားသည့် ရွာသားများပိုင်ဆိုင်သော နေအိမ် (၂) လုံး၏ ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဘယ်ဘက်တွင်ဖော်ပြထားသောဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နားကိုးခီးကျေးရွာအုပ်စု၊ ဘဃ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC မှ ကြဲချလိုက်သော ပေါင် (၅၀၀) ဗုံးတစ်လုံးကျရောက်ပေါက်ကွဲသွားသဖြင့် ကျင်းပေါက်ဖြစ်သွားသည့်ပုံဖြစ်ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ မနက် (၁) နာရီအချိန်၌ ဘဃ--- ကျေးရွာတွင်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဘဃ--- ကျေးရွာရှိ စာသင်ကျောင်းတစ်လုံး၏ နံရံများနှင့်ခေါင်မိုးများသည် ဖော်ပြပါပုံအတိုင်း ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤပုံများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အတ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသော ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ (၄) နာရီအချိန်တွင် SAC မှ အတ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ပျက်စီးသွားသော ခန်းမဆောင်ပုံဖြစ်ပြီးညာဘက်တွင်ဖော်ပြထားသောဓာတ်ပုံသည် ပျက်စီးသွားသော ဘုရားရှိခိုးကျောင်းတစ်လုံး၏မှန်တံခါးပေါက်ပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဘယ်ဘက်တွင်ဖော်ပြထားသောဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ အရ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၌ SAC မှ အရ--- ကျေးရွာသို့ လေယာဥ်ဖြင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးသည့်နောက် ရွာသားတစ်ဦးဖြစ်သူ စောဒ--- ၏ အိမ်သာ ပျက်စီးသွားသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စုရှိ အဖ--- ဆေးခန်း၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ (၈) နာရီအချိန်တွင် SAC မှ ကတိုင်တိကျေးအုပ်စု၊ အထ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ရွာသားတစ်ဦးဖြစ်သူ စောဃ--- ဒဏ်ရာရရှိသွားခဲ့ပါသည်။ ၎င်းအနေဖြင့် ထွက်ပြေးတိမ်းရှောင်သည့်နေရာမှ နေအိမ်ကို ကြည့်ရန်နှင့် အိမ်မွေးတိရိစ္ဆာန်အစာကျွေးရန်အတွက် ၎င်း၏ကျေးရွာသို့ ပြန်လာသည့်အချိန်တွင် ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းသည် လက်ကောက်ဝတ်၊ ညာဖက်ရင်အုံနှင့် လက်ချောင်းထိတ်များတွင် ဒဏ်ရာရရှိခဲ့ပါသည်။ ထိုအပြင်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အခြားရွာသားတစ်ဦးဖြစ်သူ စောဧ--- သေဆုံးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*

## ဒူးပလာယာခရိုင်




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကောတရီ (ကော့ကရိတ်)မြို့နယ်၊ ဘဂ--ကျေးရွာအနီးရှိ ဘပ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် SAC မှ ဘပ--- ကျေးရွာသို့ ဗုံးကြဲချသောကြောင့် မီးလောင်ကျွမ်း၍ ကျန်ရှိနေသည့် နေအိမ်အပျက်အယွင်း၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ဝေါရေ့ (ဝင်းရေး) မြို့နယ်၊ လို့ရှမ်းကျေးရွာအုပ်စု၊ ဘဃ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် SAC ၏ လေယာဥ်မှ ဘဃ--- ကျေးရွာသို့ ဗုံးတစ်လုံးကြဲချခဲ့သဖြင့် နေအိမ်တစ်လုံး၏ခေါင်းမိုးနှင့် အိမ်၏အရှေ့ဘက် ပျက်စီးသွားသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကောတရီမြို့နယ်၊ မယ်တောကျေးရွာအုပ်စု၊ ဘသ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့၊ ညနေ ၄ နာရီ နှင့် ၆ နာရီကြားတွင် SAC ၏လေယာဥ်မှ ဘသ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် စာသင်ကျောင်းတစ်လုံး၏ လုံးဝပျက်စီးသွားသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*











အထက်ဖော်ပြပါပုံများကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကောတရီမြို့နယ်၊ ကျော်ခီးကျေးရွာအုပ်စု၊ ဘဟ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တွင် SAC ၏လေယာဉ်မှ ဘဟ--- ကျေးရွာသို့ ပေါင် (၅၀၀) ဗုံး (၂) လုံး ကြဲချခဲ့ပြီးသည့်နောက် ဆိုးရွားစွာပျက်စီးသွားခဲ့သော ရွာသားတစ်ဦး၏ ပိုင်ဆိုင်သောနေအိမ် (၂) လုံး၏ပုံ ဖြစ်ပါသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦးသေဆုံးသွားခဲ့ပါသည်။ အောက်ဘယ်ဘက်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ထိုတစ်နေရာထဲ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC မှ ကြဲချလိုက်သည့်ဗုံးတစ်လုံးသည် မပေါက်ကွဲသေးပဲ ကျန်ရှိနေသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG ၊ ဒေသခံရွာသား)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး)မြို့နယ်၊ ကျောက်ကန်ခို့ ကျေးရွာအုပ်စု၊ ဘက--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသောဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် SAC မှ ဘက--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီးကျောင်းတစ်လုံး၏ အတွင်းပိုင်း ပျက်စီးသွားသည့်ပုံ ဖြစ်သည်။ ညာဘက်တွင်ဖော်ပြထားသောဓာတ်ပုံသည် SAC ၏ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဗုံးပေါက်ကွဲခဲ့သည့်နေရာ၏ပုံ ဖြစ်ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် ဘုန်းကြီးကျောင်းရှိ ဆွမ်းစားခန်းပျက်စီးသွားခဲ့ပြီး အနီးအနားရှိအိမ်မွေးတိရိစ္ဆာန်များ ဒဏ်ရာရရှိသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*

## ဖားအံ (ဘားအံ) ခရိုင်





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ဖားအံခရိုင်၊ တနေးဆား (နဘူး) မြို့နယ်၊ ထီးဝဘာလောကျေးရွာအုပ်စု၊ ဘလ--- ကျေးရွာ၌ လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် SAC မှလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးသည့်နောက် ဘလ--- ကျေးရွာ၏ပုံဖြစ်ပါသည်။ ဘယ်ဘက်တွင်ဖော်ပြထားသော ဓာတ်ပုံသည်လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားခဲ့သော နေအိမ်နှင့် လယ်ထွန်စက်ပုံ ဖြစ်ပါသည်။ ညာဘက်တွင်ဖော်ပြထားသောဓာတ်ပုံသည် လုံးဝမီးလောင်ပျက်စီးသွားခဲ့သော အခြားရွာသားတစ်ဦး၏နေအိမ် ဖြစ်ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် နေအိမ်စုစုပေါင်း နှစ်လုံးလုံးဝမီးလောင်ကျွမ်းသွားခဲ့ပြီး အိမ်ထဲ၌ရှိသောပစ္စည်းများအားလုံးနှင့် သစ်ဖြတ်စက်တစ်လုံး ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် ဖားအံခရိုင်၊ တနေးဆားမြို့နယ်၊ ဝေ့ရှမ်းကျေးရွာအုပ်စု၊ ဘမ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ ညနေ (၅) နာရီအချိန်တွင် SAC မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် လုံးဝမီးလောင်ကျွမ်းသွားခဲ့သော နေအိမ်တစ်လုံး၏ ကျန်ရှိနေသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အသက်မွေးဝမ်းကြောင်းများအပေါ် တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသော အခြေအနေကိုနားလည်ရန် နောက်ထပ်အချက်အလက်များကို အောက်ပါ KHRG အစီရင်ခံစာများတွင် ဖတ်ရှုနိုင်ပါသည်။

- *လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး) - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးလက်နေလူထုများကြုံတွေ့နေရသော ဆိုးကျိုးသက်ရောက်မှုများနှင့် ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်မှုနည်းလမ်းများ*၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ။
- *အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦးများ နှင့် ရိုးရာယဉ်ကျေးမှုအခမ်းအနားများအား တိုက်ခိုက်ဖျက်ဆီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)*၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ။
- *ပျောက်ဆုံးနေသည့် ကလေးဘဝများ - ပဋိပက္ခကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကလေးသူငယ်အခွင့်အရေးများ ချိုးဖောက်ခံရမှုများ၊ အရေးပေါ်လိုအပ်ချက်များနှင့် ရပ်ရွာလူထုဆိုင်ရာကာကွယ်မှုနည်းလမ်းများ*၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ။

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကို ဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**KHRG ၏ လှုပ်ရှားရာနယ်မြေ (ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ်နှင့် မြန်မာအစိုးရမှ သတ်မှတ်ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ်များ)**

